
ဒီနီး(၁၀၀) ကြွေးလောင်းဝေးတဲ့စာအုပ်
ပဒိုစာ
ဝေါစာပစ်တဲ့ည
ခန်းအိုးမှုင့် စာအုပ်တိုက်

# အပိုင်း (၁)
# အငိုမရပ်သေးတဲ့ ကလေး

နံ

ဂါး

စု

ရွာလေးဟာ ချမ်းစိမ့်တဲ့ အအေးဓာတ်အောက်မှာ အိပ်မောကျနေချိန် …

သူကြီးဖိုးသာအောင်ရဲ့ ခြံဝိုင်းထဲမှာ တော့ ကလေးငိုသံက ညံစီနေတယ်။

သူကြီးကတော်ကြီးဟာ ငါးနှစ်အရွယ်မြေးလေးကို ချီပိုးရင်း ချော့မြှူနေရှာတယ်။

လူကြီးတွေ ဘယ်လိုချော့ချော့ ကလေးက အငိုမရပ်ဘူး။

သူကြီး ဖိုးသာအောင်ဟာ ကုလားထိုင်မှာ ကျောမှီထိုင်ရင်း မြေးဖြစ်သူကို စိုးရိမ်တကြီး ကြည့်နေရှာတယ်။

“ ဟဲ့ … အေးမိ ကလေးက ငိုလှချည့်လား၊ ညည်းတို့ ဘာတွေများ အကျွေးမှားသေးသလဲ … ”

သူကြီး ဖိုးသာအောင်ရဲ့ အမေးကြောင့် သူကြီးသမီးအေးမိက …

“ အို … အဖေကလည်း ကျုပ်တော့ ဆီထမင်းကလွဲပြီး ဘာမှ မကျွေးမိပါဘူး၊ အဖေ့မြေး ညနေက သာဒိုးတို့ နဲ့ ရွာအနောက်ဘက်မှာ သွားဆော့လို့ … ရိုက်ပုတ်ပြီး ခေါ်လာတာပဲ ရှိပါတယ်နော် … ”

လို့ ပြောလိုက်တဲ့ အခါ သူကြီးဖိုးသာအောင်ဟာ မျက်မှောင်ကြီးကြုံ့သွားပြီး …

“ … ဘာ … အနောက်ပိုင်းမှာ သွားဆော့တယ် ဟုတ်လား … ဒီနေရာက နတ်ကြီးတယ်ဆိုတာ မသိဘူးလား …၊ ညည်းတို့ က ကလေးတစ်ယောက်တောင် နိုင်အောင်မကြည့်နိုင်ဘူး ”

လို့ ဒေါသတကြီး ပြောလိုက်တယ်။

ဒီအခါမှာ သူကြီးသမီးအေးမိက စိတ်ရှုပ်ထွေးဟန်နဲ့ …

“ ကလေးငိုရတဲ့ အထဲ အဖေကလည်း ခက်တာပဲ၊ ကျုပ် ညနေက အဖေခိုင်းလို့ ပဲကြွေး သွားကောက်တာလေ၊ ပြန်ရောက်တော့ ဒင်းလေး အိမ်မှာ မရှိမှန်းသိတာ၊ ကျုပ်ကိုချည်း အပြစ်မတင်နဲ့ အဖေရေ …၊ အဖေ့သမီး အေးစိန်ကိုလည်း ပြောအုံး …၊ ဒင်းက အဒေါ်တစ်ယောက် လုပ်နေပြီး ဘယ်တော့မှ ကလေးကို မကြည့်ထားဘူး ၊ အား အားရှိဖြီးလိမ်းပြီးတော့ပဲ လမ်းသလားနေတာ …၊ ဒင်းလည်း လင်မြန်မြန်ရမှ မျက်စိနောက် သက်သာမယ် … ”

လို့ တဗျစ်တောက်တောက် ပြောလိုက်တဲ့ အခါ မအေးစိန်ဟာ အိမ်ခန်းထဲက ဆောင့်ကြီးအောင့်ကြီး ထွက် လာပြီး

“ အစ်မနော် ကျုပ်ကို မဟုတ်တာမပြောနဲ့ ၊ အပျိုလေးပဲ၊ ဖြီးလိမ်းပြီး လမ်းထွက်တာ ဘာဖြစ်လဲ၊ အစ်မသာ မုဆိုးမဖြစ်နေပြီး အပျိုရှုံးအောင်ပြင်နေတာ၊ အဖေသိလား ”

လို့ ကက်ကက်လန် ပြန်ပြောလိုက်တယ်။

ညီမဖြစ်သူရဲ့ တုံ့ပြန်စကားကြောင့် မအေးမိဟာ ယမ်း မီးပုံကျဖြစ်သွားပြီး ထိုင်ရာကနေ ဝုန်းခနဲထလာတယ်။

ဒီအခါမှာ သူကြီးကတော်ဟာ ကလေးချီလျက် မအေးမိတို့ အနားရောက် လာပြီး ...

" ညည်းတို့ တော်ကြစမ်း၊ ဒီမှာ ကလေးဘာဖြစ်မှန်း မသိဘူး၊ ညည်းတို့ အားအားရှိ သတ်ဖို့ လောက်ပဲ စဉ်းစားနေ ...၊ ဟဲ့ ... အေးမိ ... အနောက်ပိုင်းမှာ ညည်းကလေး သွားဆော့ရင်း ဘာတွေလုပ်ခဲ့သေးလဲ မသိဘူး၊ ငါ့ အထင်တော့ ကလေးကို ကွင်းပိုင်ကြီး ဖမ်းစားပြီထင်တယ် "

လို့ ထင်ကြေးပေး ပြောလိုက်တဲ့ အခါ ကွင်းပိုင်ကြီး ဆိုတဲ့ အသံကြောင့် မအေးမိဟာ အကြီးအကျယ်တုန်လှုပ်သွားပြီး ...

" ဟင် ... ကွင်းပိုင်ကြီး ဖမ်းစားထားတာ ဟုတ်လား ... အမယ်လေး ... ကျုပ် သားလေးတော့ ကိုယ်ကျိုးနည်းပြီ ထင်ပ့ါ၊ တစ်ခါကလည်း မိတုတ်သမီးလေး ကွင်းပိုင်ကြီးရှိတဲ့ ညောင်ပင်ကြီးက အရွက်တွေခူးလာမိလို့ အပြင်းဖျားပြီး တစ်ပတ်လောက် အိပ်ရာထဲလဲခဲ့တာ၊ ကံကောင်းလို့ အသက်မနှုတ်တာဆိုပဲ ...၊ ကျုပ် ... ကျုပ်တို့ ... ဘယ်လိုလုပ်ကြမလဲ အမေ ... "

လို့ ထိတ်ထိတ်ပျာပျာနဲ့ မေးလိုက်တယ်။

မအေးမိရဲ့ စကားကြောင့် သူကြီးဖိုးသာအောင်က ဆေးပြင်းလိပ်ကို ဖွာရှိုက်လိုက်ရင်း ...

" ဘယ်လို လုပ်ရမှာ လဲ၊ ဘာပဲဖြစ်ဖြစ် အရုံအတား လုပ်ထားတာ မမှားဘူး၊ ဗနေ္ဒာဆရာကြီးလည်း ပင့်ပြီး ကြည့်ခိုင်းရမှာ ပဲ၊

ဒါကြောင့်ပြောတာ၊ ကလေးတစ်ယောက်လောက်တောင် ညည်းတို့ နိုင်အောင်မထိန်းနိုင်ဘူး ”

လို့ ပြောလိုက်တဲ့ အခါ မအေးမိက ငိုသံကြီးနဲ့ ..

“ အီး ... ဟီး ... အဖေတို့ က ကျုပ်ပဲ အပြစ်ဖို့ နေ ကြတယ်၊ အဖေ့မြေးက မျောက်လောင်းလေး၊ မအေက ဒီနေရာမသွားနဲ့ ဆို လစ်တာနဲ့ ရောက်သွားတာပဲ ”

လို့ ပြောလိုက်တယ်။

“ ... တော်တော့ အေးမိ၊ ညည်းပါးစပ်ပိတ်လိုက်တော့၊ ငါ့မြေးကို အပြစ်မပြောနဲ့ ၊ ကလေးပဲ ဆော့ချင်ရှာမှာ ပေါ့၊ ညည်းသာလိုတာ ...၊ ငို မနေနဲ့ လူကြားမကောင်းဘူး၊ မနက်ကျမှ ဆရာချက်ကြီး သွားပင့်ချေ ... ”

သူကြီး ဖိုးသာအောင်ရဲ့ တစ်ချက်လွှတ်အမိန့်နဲ့ ငေါက် ငမ်းလိုက်တော့မှ တစ်အိမ်လုံး ငြိမ်ကျသွားတယ်။

ဒါပေမယ့် ကလေးငိုသံက ရပ်မသွားဘူး။

*